# ပြည်သူ့ကောင်စီဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈]

## နိဒါန်း

ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ်အရ ဗဟိုက ဦးစီးဦးဆောင်ပြုမှု ဘောင်အတွင်း ပြည်သူများသည် မိမိတို့၏ဘဝကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်စွမ်းရှိသော ဆိုရှယ်လစ်လူနေမှုစနစ်ကို ကျင့်သုံးနိုင်စေရန်လည်းကောင်း၊ နိုင်ငံတော်ရှိဒေသအသီးသီး၏ အရေးကိစ္စများကို သက်ဆိုင်ရာဒေသရှိ လုပ်သားပြည်သူများ ကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆောင်ရွက်နိုင်စေရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အပိုင်း ၁

## အခန်း(၁)

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့ကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ **အတိုင်း** အဓိပ္ပါယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) **ပြည်သူ့ကောင်စီဝင်** ဆိုသည်မှာ ပြည်သူ့ကောင်စီ တရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်ကို ဆိုသည်၊

(ဂ) **ဝန်ထမ်းအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ကာကွယ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားရေး၊ဥပဒေရေး၊ လုပ်ငန်းစစ်ဆေးရေး စသည့် ကိစ္စအဝဝအတွက် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ထားသော ဗဟိုနှင့် ဒေသဆိုင်ရာဝန်ထမ်းအဖွဲ့**အစည်း**များကိုဆိုသည်။

# အခန်း(၂)

## ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်

၃။ အောက်တွင် ဖော်ပြပါပြည်သူ့ကောင်စီအဆင့်ဆင့်ကို သက်ဆိုင်ရာဒေသ အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေအရ ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်—

(က) ပြည်နယ်ပြည်သူ့ကောင်စီ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ၊

(ဂ) ရပ်ကွက် ပြည်သူ့ကောင်စီ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ။

၄။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီအသီးသီးတွင် အောက်ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့၊

(ဃ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

(င) ရေးရာကော်မီတီများ။

၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် အောက်ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့။

၆။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ ပြည်သူ့ကောင်စီ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်း၊ ယင်းအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ အစည်းအဝေးများ ကျင်းပခြင်း စသည်တို့သည် ဤဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၇။ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအသီးသီးတွင် ပါဝင်ရမည့် ပြည်သူ့ကောင်စီဝင်ဦးရေကို အောက်ပါ မူများအပေါ် အခြေခံ၍သတ်မှတ်ရမည်—

(က) သက်ဆိုင်ရာနယ်မြေဒေသရှိလူဦးရေ၊

(ခ) မြို့နယ်အဆင့်အတွက် သက်ဆိုင်ရာ မြို့နယ်တွင် ပါဝင်သော ရပ်ကွက်နှင့် ကျေးရွာအုပ်စုဦးရေ၊

(ဂ) ပြည်နယ်နှင့် တိုင်းအဆင့်အတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းတွင်ပါဝင်သော မြို့နယ်ဦးရေ။

၈။ ပုဒ်မ ၇ တွင် ဖော်ပြထားသည့် အခြေခံမူများအရ ပြည်သူ့ကောင်စီအသီးသီးတွင် ပါဝင်ရမည့် ပြည်သူ့ကောင်စီဝင်ဦးရေကို ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းက အခါအားလျော်စွာ သတ်မှတ်ရမည်။

၉။ ပြည်သူ့ကောင်စီများကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည် —

(က) ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်အရ ပဟိုက ဦးစီး ဦးဆောင်ပြုမှုဘောင်အတွင်း ပြည်သူများသည် မိမိတို့၏ဘဝကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်စွမ်းရှိသော ဆိုရှယ်လစ်လူနေမှုစနစ်ကိုလက်တွေ့ကျင့်သုံးနိုင်စေရန်၊

(ခ) နိုင်ငံတော်အတွင်းရှိဒေသအသီးသီး၏အရေးကိစ္စများကို သက်ဆိုင်ရာဒေသရှိ လုပ်သားပြည်သူများကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဂ) မိမိတို့ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေး၊ လုံခြုံရေး စသည့်အရေးကိစ္စများကို ဥပဒေဘောင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

၁၀။ ပြည်သူ့ကောင်စီအဆင့်ဆင့်၏ သက်တမ်းသည် လွှတ်တော်၏ ပုံမှန်သက်တမ်းနှင့်အညီဖြစ်သည်။

# အခန်း(၃)

## ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ပြည်သူ့ကောင်စီအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ဤဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၁၂။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည် ဤဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် နိုင်ငံတော် ကောင်စီက ဖြစ်စေ၊ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် ဗဟိုအာဏာပိုင် အဖွဲ့ အစည်းများကဖြစ်စေ အခါအားလျော်စွာ ခွဲဝေအပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ဆောင်ရွက်ရမည်။

၁၃။ ပြည်သူ့ကောင်စီအဆင့်ဆင့်အား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေ အပ်နှင်းသည့်အခါ နည်းဥပဒေများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့် အညီ ဆောင်ရွက်ရမည်။

၁၄။ ပြည်သူ့ကောင်စီ အဆင့်ဆင့်အား အခါအားလျော်စွာ ခွဲဝေအပ်နှင်း သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း များပြုလုပ်ရန်လိုအပ်လျှင် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် ပြည်သူ့အကျိုးအတွက် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက အခါအားလျော်စွာ တောင်းခံသည့် လုပ်ငန်းဆိုင်ရာ အကူအညီများကို ဆောင်ရွက်ပေးရန်တာဝန်ရှိသည်။

၁၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် အခြေခံဥပဒေပုဒ်မ ၇၉ တွင် ဖော်ပြသောကိစ္စများမှအပ အခြားကိစ္စများနှင့် ပတ်သက်သည့် ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို အောက်မှအထက်သို့ အဆင့်ဆင့်တင်ပြ၍ နောက်ဆုံး၌ လွှတ်တော်သို့တင်ပြနိုင်သည်။

# အခန်း (၄)

## ပြည်သူ့ကောင်စီအစည်းအဝေးများ

၁၇။ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပုံမှန် အစည်းအဝေးများကို ဤဥပဒေတွင် သတ်မှတ်သည့်အတိုင်း ခေါ်ယူကျင်းပရမည်။

၁၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် အရေးပေါ်အစည်းအဝေးကို အလုပ်အမှုဆောင်အဖွဲ့က ကျင်းပရန်လိုအပ်သည်ဟု ဆုံးဖြတ်လျှင် သော်လည်းကောင်း၊ ပြည်သူ့ကောင်စီဝင်အားလုံး၏သုံးဆယ့်လေးရာခိုင်နှုန်းက တောင်းဆိုလျှင်သော်လည်းကောင်း အမြန်ဆုံးခေါ်ယူကျင်းပရမည်။

## အခန်း (၅)

## ပြည်သူ့ကောင်စီအဆင့်ဆင့် အပြန်အလှန်ဆက်သွယ်ခြင်း

၁၉။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည် သာမန်အားဖြင့် အောက်ပါအတိုင်း ဆက်သွယ်နိုင်သည်—

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီသည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီနှင့် အပြန်အလှန် ဆက်သွယ်နိုင်သည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီနှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်၊

(ဂ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသည် နိုင်ငံတော်ကောင်စီ နှင့် အပြန်အလှန် ဆက်သွယ်နိုင်သည်။

၂၀။ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်သည် သာမန် အား ဖြင့် အောက်ပါအတိုင်း ဆက်သွယ်နိုင်သည် —

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့နှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် အပြန်အလှန် ဆက်သွယ်နိုင်သည်၊

(ဂ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့၏ကိုယ်စားဆောင်ရွက်ရန် ဝန်ကြီးအဖွဲ့က တာဝန်ပေးအပ်ခြင်း ခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်။

၂၁။ လုပ်ငန်းသဘော အရလည်းကောင်း၊ အခြေအနေအရ လည်းကောင်း နိုင်ငံတော်ကောင်စီသည် မည်သည့် ပြည်သူ့ကောင်စီအဆင့်နှင့်မဆို တိုက်ရိုက် ဆက်သွယ်နိုင်သည်။

၂၂။ လုပ်ငန်းသဘောအရ လည်းကောင်း၊ အခြေအနေအရ လည်းကောင်း ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် မည်သည့် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့်မဆို တိုက်ရိုက်ဆက်သွယ်နိုင်သည်။

၂၃။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည် လည်းကောင်း၊ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်သည်လည်းကောင်း၊ အရေးတကြီး ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက ဆက်သွယ်မှုနှင့်ပတ်သက်၍ ပုဒ်မ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့တွင် မည်သို့ပင် သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ နိုင်ငံတော်ကောင်စီနှင့် လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လည်းကောင်း လိုအပ်သလို တိုက်ရိုက်ဆက်သွယ်နိုင်သည်။

၂၄။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်သည် လည်းကောင်း အဆင့်တူအချင်းချင်း လုပ်ငန်းသဘောအရ လိုအပ်လျှင် ဆက်သွယ်နိုင်သည်။ ထိုသို့ဆက်သွယ်ခြင်းကို အထက်တဆင့်မြင့်သော အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းများသို့ အကြောင်းကြားရမည်။

## အခန်း (၆)

## ပြည်သူ့ကောင်စီဝင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ကျင့်ဝတ်များ၊ စည်းကမ်းများနှင့် ပြည်သူ့ကောင်စီဝင်အဖြစ်မှ ရုပ်စဲခြင်း

၂၅။ ပြည်သူ့ကောင်စီဝင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) အခြေခံဥပဒေနှင့် ရှိရင်းစွဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို ကာကွယ်စောင့်ရှောက်ရေးနှင့် လိုက်နာကျင့်သုံးခြင်း၊

(ခ) ဆိုရှယ်လစ် ဒီမိုကရေစီ ကျင့်စဉ်ကို တိကျစွာ လိုက်နာခြင်း၊ အများသဘောထားနှင့်ဆုံးဖြတ်ချက်များသည် မိမိ၏သဘောထားဆန္ဒနှင့် မကိုက်ညီစေကာမူ လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) မိမိအား ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူများနှင့် လည်းကောင်း၊ မိမိဒေသရှိ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် လည်းကောင်း ထိတွေ့ ဆက်သွယ်နေခြင်း၊

(ဃ) မိမိအား ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူများအား တာဝန်ခံရမည့်အပြင် မိမိ၏ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ယင်းတို့အား စဉ်ဆက်မပြတ် ရှင်းလင်းတင်ပြခြင်း၊

(င) ပြည်သူ့ကောင်စီ အစည်းအဝေးများသို့ မှန်မှန် တက်ရောက်ခြင်း၊

(စ) မိမိအား ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူများ၏ဆန္ဒနှင့် သဘောထားများကိုခံယူ၍ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် တင်ပြခြင်း၊

(ဆ) သက်ဆိုင်ရာ ပြည်သူ့ကောင်စီအဖွဲ့အစည်းများ၏ အစီရင်ခံစာများ၊ တင်ပြချက်များအပေါ် ပြည်သူ့ကောင်စီအစည်းအဝေးများ၌ အပြုသဘော ဝေဖန်စိစစ်၍ သင့်လျော်သည့် အကြံဉာဏ်များ ပေးခြင်း၊

(ဇ) ပြည်သူ့ကောင်စီ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်သူများကမေးမြန်းပါက ရှင်းလင်း ပြောကြားခြင်း၊

(ဈ) ပြည်သူများက တင်ပြလာသည့်အဆိုပြုချက်များ၊ တောင်းခံချက်များ၊ အကြံပေးချက်များနှင့် ဝေဖန်ချက်များကို လက်ခံသုံးသပ်ရေးနှင့် ယင်းအဆိုပြုချက်များ၊ တောင်းခံချက်များ၊ အကြံပေးချက်များနှင့်ဝေဖန်ချက်များသည် မှန်ကန်သင့်လျော်သည်ဟု ယူဆပါက နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ လိုအပ်သလို အရေးယူဆောင်ရွက်ပေးခြင်း၊

(ည) မိမိဒေသရှိ ပြည်သူများအား ဥပဒေအရ ကာကွယ်မှုပေးထားသော အကျိုးစီးပွားနှင့် ရပိုင်ခွင့်များကို စောင့်ရှောက်ခြင်း၊

(ဋ) ပြည်သူ့ကောင်စီ အစည်းအဝေးများ၌ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ဆွေးနွေးခြင်း၊ အကြံပေးခြင်း၊ မေးမြန်းခြင်း၊ အဆိုများထင်သွင်းခြင်း၊

(ဌ) ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက် တာဝန်ပေးသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဍ) ပြည်သူ့ကောင်စီအစည်းအဝေး၌ မဲခွဲဆုံးဖြတ်ရာတွင် ပါဝင်ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း

(စ) ပြည်သူ့ကောင်စီဝင်အဖြစ်မှ လည်းကောင်း၊ ပြည်သူ့ကောင်စီ အဖွဲ့အစည်းတရပ်ရပ်၏ အဖွဲ့ဝင်အဖြစ်မှ လည်းကောင်း နုတ်ထွက်ပိုင်ခွင့်ရှိခြင်း။

၂၆။ ပြည်သူ့ကောင်စီဝင်၏ ရပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်—

(က) ပြည်သူ့ ကောင်စီဝင်သည် သတ်မှတ်ထားသော လစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်၊ အခြားစရိတ်နှင့် ရပိုင်ခွင့်များကို ခံစားပိုင်ခွင့်ရှိခြင်း၊

(ခ) အချိန်ပြည့် တာဝန်ပေးအပ်ခြင်း မခံရသော ပြည်သူ့ကောင်စီဝင်သည် ပြည်သူ့ ကောင်စီ အစည်းအဝေးတက်ရောက်နေချိန်တွင်လည်းကောင်း၊ ပြည်သူ့ကောင်စီက ပေးအပ်သော တာဝန် ဝတ်တရားများကို ထမ်းဆောင်နေချိန်တွင် လည်းကောင်း ယင်း မူလတာဝန် ထမ်းဆောင်သောရုံး သို့မဟုတ် လုပ်ငန်းမှ ရပိုင်ခွင့်ရှိသောလစာ- သို့မဟုတ် အခြား အခကြေးငွေများကို ခံစားပိုင်ခွင့်ရှိခြင်း၊

(ဂ) အချိန်ပြည့် တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ကောင်စီဝင်သည် ပြည်သူ့ကောင်စီဝင် သက်တမ်းကုန်ဆုံးသည့်အခါ မူလ အလုပ်တာဝန်နှင့် လစာအဆင့်တွင် ပြန်လည်ထမ်းဆောင်ပိုင်ခွင့်နှင့် အချိန်ပြည့် ပြည်သူ့ ကောင်စီဝင် အဖြစ် တာဝန် ထမ်းဆောင်ခဲ့သော ကာလကို လုပ်သက်တွင် ထည့်သွင်းရေတွက်ပိုင်ခွင့်ရှိခြင်း၊

(ဃ) ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကောင်စီ အဖွဲ့အစည်း တခုခု၏ အစည်းအဝေးများတွင် တင်ပြဆွေးနွေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ကောင်စီဝင် တဦးဦးကိုအခြေခံဥပဒေ၊ ဤဥပဒေနှင့် နည်းဥပဒေများမှတပါး အခြား ဥပဒေများ အရ အရေးယူခြင်းမှကင်းလွတ်ပိုင်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရသော ပြည်သူ့ကောင်စီဝင်တဦးသည် ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်သူ့ကောင်စီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိခြင်း။

၂၇။ ပြည်သူ့ကောင်စီဝင်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကိုလိုက်နာစောင့်ထိန်းရမည်—

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်မှ တပါးမည်သည့်နိုင်ငံ၏ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်းမပြုရ၊

(ခ) အခြေခံဥပဒေ၊ ဤဥပဒေနှင့်ရှိရင်းစွဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရမည်၊

(ဂ) ပြည်သူ့ကောင်စီဝင်၏ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင်ရမည်၊

(ဃ) ပြည်သူ့ကောင်စီဝင်အဖြစ် ပြည်သူတို့က ရွေးချယ်တင်မြှောက်ပေးအပ်ထားသည့် တာဝန်ကို အလွဲသုံးစား ပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ယူခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ရှောင်ကြဉ်ရမည်။

၂၈။ ပြည်သူ့ကောင်စီဝင်တဦးသည် အောက်ပါအကြောင်းတခုခု ဖြစ်ပေါ်လျှင် ပြည်သူ့ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်—

(က) အခြေခံဥပဒေ ပုဒ်မ ၁၈၇ နှင့်အညီ ပြဋ္ဌာန်းထားသော တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေအရ မိမိအား ရွေးချယ် တင်မြှောက်လိုက်သည့် ပြည်သူများက တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) ပြည်သူ့ကောင်စီဝင်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်ကို ဥပဒေအရဆုံးရှုံးခြင်း၊

(ဂ) ဥပဒေနှင့်အညီနုတ်ထွက်ခြင်း၊

(ဃ) ကွယ်လွန်းနိစ္စရောက်ခြင်း။

# အခန်း (၇)

## အထွေထွေ

၂၉။ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပထမအကြိမ်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့ကောင်စီဝင်များထဲမှ ယာယီ သဘာပတိ တဦးကိုနည်းဥပဒေများနှင့်အညီ တင်မြှောက်ရမည်။

၃၀။ ယာယီသဘာပတိသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီက သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ ပြည်သူ့ကောင်စီ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၃၁။ ယာယီသဘာပတိသည် သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ပြီးနောက် အလှည့်ကျသဘာပတိထံ ယင်း၏တာဝန်များကို လွှဲပြောင်းအပ်နှင်းရမည်။

၃၂။ ပြည်သူ့ကောင်စီဝင်များသည် ယာယီသဘာပတိ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၃၃။ ကတိသစ္စာ မပြုရသေးသော ပြည်သူ့ကောင်စီဝင်များသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အစည်းအဝေးသို့ စတင်တက်ရောက်သည့်နေ့တွင် အလှည့်ကျ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၃၄။ နိုင်ငံသားများ၏ တိုင်တန်းချက်များကို ပြည်သူ့ကောင်စီ သို့မဟုတ် ပြည်သူ့ကောင်စီအဖွဲ့အစည်းက စုံစမ်းစစ်ဆေး၍ မည်သို့မည်ပုံ အရေးယူဆောင်ရွက်နေကြောင်းကို တိုင်တန်းသူအား အသိပေး ပြန်ကြားရန်တာဝန်ရှိသည်။

၃၅။ (က) အလုပ်အမှုဆောင် အဖွဲ့များတွင် ဥက္ကဋ္ဌတာဝန်ကို အတွင်းရေးမှူးကလည်းကောင်း၊ အတွင်းရေးမှူးတာဝန်ကို အလုပ်အမှုဆောင်အဖွဲ့ကတာဝန်ပေးအပ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဦးကလည်းကောင်း ယာယီပူးတွဲထမ်း ဆောင်နိုင်သည်၊

(ခ) ပြည်နယ်နှင့်တိုင်း၊ မြို့နယ်နှင့်ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမည်၊

(ဂ) ပြည်နယ်နှင့် တိုင်း၊ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥပဒေပါပြဋ္ဌာန်းချက်များအရဆောင်ရွက်ရမည်၊

(ဃ) ရေးရာကော်မီတီ တရပ်ရပ်၏ အတွင်းရေးမှူးတာဝန်ကို သက်ဆိုင်ရာ ရေးရာကော်မီတီက တာဝန်ပေးအပ်သည့် ရေးရာကော်မီတီဝင်တဦးဦးက ယာယီပူးတွဲ ထမ်းဆောင်နိုင်သည်။

၃၆။ (က) ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ရုံးလုပ်ငန်း အဝဝတို့ကိုတာဝန်ယူ ဆောင်ရွက်ရန် ပြည်သူ့ကောင်စီ ရုံးများကိုဖွဲ့စည်းထားရှိရမည်၊

(ခ) ပြည်သူ့ကောင်စီရုံးကို သက်ဆိုင်ရာပြည်သူ့ကောင်စီ အတွင်းရေးမှူးက ဦးဆောင်လမ်းညွှန်ညှိနှိုင်း၍ ပြည်သူ့ကောင်စီသို့လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်း တာဝန်ခံရမည်၊

(ဂ) ယင်းရုံး၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုသီးခြား သတ်မှတ်ပေးရမည်။

# အပိုင်း ၂

# ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီများ

## အခန်း (၁)

## ဖွဲ့စည်းပုံ

၃၇။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတရပ်ကို ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့်ကောင်စီဝင် ဦးရေဖြင့်ဖွဲ့စည်းရမည်။

၃၈။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီတွင် အောက်ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊
(ခ) အလုပ်အမှုဆောင်အဖွဲ့၊
(ဂ) တရားသူကြီးအဖွဲ့၊
(ဃ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊
(င) ရေးရာကော်မီတီများ။

## အခန်း (၂)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၉။ ပြည်နယ်နှင့်တိုင်းအတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ချမှတ်ပေးသော စီးပွားရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ စီမံကိန်းများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် မြို့နယ် ပြည်သူ့ကောင်စီများသို့ ထပ်ဆင့်လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းဘောင်အတွင်း မြို့နယ်ပြည်သူ့ ကောင်စီများမှ တင်ပြသော စီမံကိန်းများကိုအခြေခံ၍ ပြည်နယ်နှင့်တိုင်း စီးပွားရေး စီမံကိန်းများ ရေးဆွဲတင်ပြခြင်း၊

(ဂ) အတည်ပြု ပြဋ္ဌာန်းပြီးသည့် ပြည်နယ်နှင့် တိုင်းစီးပွားရေး စီမံကိန်းများကို ပြည်သူပိုင်၊သမဝါယမပိုင် အဖွဲ့အစည်းများ၊

ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ညှိနှိုင်း၍ ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊

(ဃ) ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်ပြည်သူ့ကောင်စီများမှတင်ပြသော ရသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်စုစည်းလျက် သက်ဆိုင်ရာ မြို့နယ်များနှင့် လိုအပ်သည့်ညှိနှိုင်းမှုများ ပြုလုပ်၍ ပြည်နယ်နှင့်တိုင်း ရသုံးခန့်မှန်းခြေ ငွေစာရင်းများ ရေးဆွဲတင်ပြခြင်း၊

(င) အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ သတ်မှတ်ထားသည့် အခွန်အကောက် အမျိုးအစား၊ အခွန်အကောက်နှုန်းထားများနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲ သတ်မှတ်ရန်၊ အသစ်သတ်မှတ်ရန်၊ ပယ်ဖျက်ရန်ကိစ္စရပ်များကို စိစစ်အကြံပေးတင်ပြခြင်း၊

(စ) ပြည်နယ်နှင့်တိုင်း စီးပွားရေးစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရေး၊ လမ်းညွှန်ရေး၊ လုပ်ငန်းများထပ်ဆင့် ခွဲဝေပေးရေးနှင့် လိုအပ်သည့် အကူအညီများပေးခြင်း၊

(ဆ) မြို့နယ်ပြည်သူ့ကောင်စီများက မိမိတို့မြို့နယ်တွင် သမဝါယမကဏ္ဍ၌ အကောင်အထည်ဖော်ရန် သင့်လျော်သည်ဟု တင်ပြသည့် စီးပွားရေးလုပ်ငန်းများကို စိစစ်ညှိနှိုင်းပြီး ပြည်နယ်နှင့်တိုင်း စီးပွားရေးစီမံကိန်းတွင် ထည့်သွင်းရေးနှင့် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်အရ ယင်းလုပ်ငန်းများ၊ စီမံကိန်းများကို အကောင်အထည်ဖော် စေခြင်း၊

(ဇ) မြို့နယ်ပြည်သူ့ ကောင်စီများက မိမိတို့မြို့နယ်တွင် ပြည်သူပိုင်ကဏ္ဍ၌ အကောင်အထည်ဖော်ရန် သင့်လျော်သည်ဟု တင်ပြသည့် စီးပွားရေးလုပ်ငန်းများကို စိစစ်ညှိနှိုင်းပြီး ဝန်ကြီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဈ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများက တိုက်ရိုက်အကောင်အထည်ဖော် စီမံခန့်ခွဲရန် သင့်လျော်သည်ဟု ဆုံးဖြတ်သည့် စီးပွားရေးလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်း၏ စီးပွားရေး စီမံကိန်းတွင် ထည့်သွင်းရေးနှင့် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်အရ ယင်းလုပ်ငန်းများ၊ စီမံကိန်းများကို ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊

(ည) ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ ခွဲဝေအပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကြီးကြပ်ကွပ်ကဲ၍ အကောင်အထည်ဖော်ခြင်း၊

(ဋ) စက်မှုလက်မှု၊ လယ်ယာကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ မွေးမြူရေး၊ ကုန်စည် ဝယ်ယူ ဖြန့်ဖြူးရေး စသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သမဝါယမ အဖွဲ့အစည်းများ၏ စီမံကိန်းများကို မိမိတို့ပြည်နယ်နှင့် တိုင်းအတွင်း အကောင်အထည်ဖော်စေရန် လမ်းညွှန်ပေးခြင်း၊

(ဌ) နိုင်ငံတော်၏ မြေယာမူဝါဒနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲရေး၊ စီမံကိန်းသီးနှံများ စိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရေး၊ စားကျက်မြေများ သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ရေးစသည့် လုပ်ငန်းများဆောင်ရွက်ရေး နှင့်ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဍ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းအရ ထွက်ကုန်များကို ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ သတ်မှတ် ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာများသို့ မှန်ကန်စွာနှင့် အချိန်မီ ရောင်းချစေရန် မြို့နယ်ပြည်သူ့ ကောင်စီများအား ညှိနှိုင်း လမ်းညွှန်ခြင်း၊

(ဎ) စားသုံးသူများ လိုအပ်သည့်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဏ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်ရေး၊ ကြီးကြပ်ရေးနှင့် အကူအညီပေးခြင်း၊

(တ) ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စီးပွားရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ လုပ်သား ပြည်သူများနိုးကြားတက်ကြွစွာ ပါဝင် ဆောင်ရွက်နိုင်ရေး အတွက်ပြည်သူများနှင့်နီးကပ်စွာ ထိတွေ့ ဦးဆောင်မှုပေးခြင်း၊ နှိုးဆော်စည်းရုံးခြင်း၊

(ထ) လူဦးရေစာရင်း၊ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ကျွဲနွားစာရင်း၊ စက်ယန္တရားစာရင်း၊ အဆောက်အဦများစာရင်း၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာကိန်းဂဏန်းများ၊ ကုန်ထုတ် လုပ်မှုကိန်းဂဏန်းများ စသည်တို့ကို သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီများနှင့် စဉ်ဆက်မပြတ်ဆက်သွယ်၍ စုစည်းပြုစုထိန်းသိမ်း ထားရှိခြင်းနှင့် ယင်းစာရင်းများကို ဗဟိုအဖွဲ့အစည်းများသို့ လိုအပ်သည့်အခါ ပေးပို့ခြင်း။

၄၀။ ပြည်နယ်နှင့်တိုင်းအတွင်း သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများနှင့်အညီ လူမှုရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းပြည်သူ့ ကောင်စီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ချမှတ်ပေးသောလူမှုရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများကိုအကောင် အထည်ဖော် ဆောင်ရွက်ရေးနှင့် မြို့နယ်ပြည်သူ့ကောင်စီများသို့ ထပ်ဆင့် လမ်းညွှန်ခြင်း၊

(ခ) အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၊ အကြိုသက်မွေး သင်တန်းကျောင်းများနှင့် အခြားပညာရေးနှင့်ပညာရေးဗဟုသုတ ဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဂ) ဆေးရုံများ၊ ဆေးပေးခန်းများ၊ ကျန်းမာရေး အဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အားကစား နှင့် ကာယပညာလုပ်ငန်းများနှင့် အခြားပြည်သူ့ ကျန်းမာရေး ဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက် ရေးနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဃ) ကူးစက်တတ်သော ရောဂါဘောများနှင့် ရာသီအလိုက်ဖြစ်ပေါ် တတ်သော ရောဂါဘောများမှ ကြိုတင်ကာကွယ်ရေးအတွက် စည်းရုံးရေးနှင့် တားဆီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သက်ကြီးရွယ်အိုများ၊ လေလွင့်လူငယ်များ၊ ခိုကိုးရာမဲ့အမျိုး သမီးများ ထိန်းသိမ်း စောင့်ရှောက်ရန်ဂေဟာများ ဖွင့်လှစ် ထားရှိရေး၊ ဒုစရိုက်လုပ်ငန်းများပပျောက်စေရန် ကာကွယ် ရေးနှင့် နှိမ်နင်းရေး စသည့်လူမှုဝန်ထမ်း လုပ်ငန်းများကို လမ်းညွှန်မှုများနှင့် အညီ ဆောင်ရွက်ရေးနှင့် ကြီးကြပ် ညှိနှိုင်းခြင်း၊

(စ) ဒေသတွင်းရှိ လုပ်သားပြည်သူများ၏ ရပိုင်ခွင့်များကို ကာကွယ် စောင့်ရှောက်ပေးရေးနှင့် လုပ်သားပြည်သူများက လည်း တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင် ကြစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊

(ဆ) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြုစုပျိုးထောင်ပေးခြင်း၊

(ဇ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) ရှေးဟောင်း အဆောက်အဦနှင့် ရှေးဟောင်း ပစ္စည်းများ ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကြီးကြပ် ဆောင်ရွက်ခြင်း၊

(ည) လေဘေး၊ ရေဘေး၊ မီးဘေးစသည့် သဘာဝဘေးအန္တရာယ် များကို ကာကွယ်ရေးနှင့် တားဆီးရေးအတွက် စည်းရုံး ဆောင်ရွက်ခြင်းနှင့်ယင်း အန္တရာယ်များ ပေါ်ပေါက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း။

၄၁။ ပြည်နယ်နှင့်တိုင်းအတွင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော် ကောင်စီတို့က ချမှတ်ပေးသော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရေးနှင့် မြို့နယ် ပြည်သူ့ ကောင်စီများသို့ ထပ်ဆင့်လမ်းညွှန်ခြင်း၊

(ခ) ဒေသဆိုင်ရာ လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးတို့ကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့စစ် အဖွဲ့အစည်းများနှင့် ပတ်သက်၍ မူဝါဒညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့် အဖွဲ့အစည်းများ၊ အဖျက်လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ် တားဆီးရေးနှင့် ဖော်ထုတ်ရေး အတွက် ကြီးကြပ် လမ်းညွှန်ခြင်း၊

(င) ပြစ်မှုဆိုင်ရာမှုခင်းများနှင့် ဒုစရိုက် လုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးရေး၊ နှိမ်နင်းရေးနှင့် လျော့နည်းကျဆင်းရေးအတွက် ကြီးကြပ်လမ်းညွှန်ခြင်း၊

(စ) ပြည်သူပိုင် ပစ္စည်းများ၊ သမဝါယမပိုင် ပစ္စည်းများနှင့် အများပိုင် ပစ္စည်းများကို ကာကွယ် စောင့်ရှောက်ရေး အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံခြားသားများ သွားလာလှုပ်ရှားမှုနှင့် နိုင်ငံခြားသားမှတ်ပုံတင်ရေးနှင့် မှတ်ပုံတင်အသစ် လဲလှယ်မှု လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော် နယ်နိမိတ် ကျောက်တိုင်များ၊ နယ်ခြားအထိမ်းအမှတ်များနှင့်ပတ်သက်၍ မြို့နယ် ပြည်သူ့ကောင်စီမှ အစီရင်ခံစာရလျှင် ဝန်ကြီးအဖွဲ့သို့ ချက်ချင်း ဆက်လက် အစီရင်ခံစေခြင်း

(ဈ) ကျေးရွာများ၊ ကျေးရွာအုပ်စုများ၊ရပ်ကွက်များ၊ မြို့နယ်များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်းများနှင့် ပတ်သက်၍ ဝန်ကြီးအဖွဲ့သို့စိစစ်အကြံပေးခြင်း၊

(ည) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့ပြ စည်ပင်သာယာရေး၊ နေရာချထားရေး လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ် ပြည်သူ့ကောင်စီများ၏ ဆောင်ရွက်မှုကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဋ) ကျေးရွာနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲရေးနှင့် ယင်းစီမံကိန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) ပြည်တွင်း အခွန်အကောက်များ၊ အခ ကြေးငွေများ၊ ချေးငွေများကောက်ခံရေး ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဍ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး ကဏ္ဍများနှင့် သက်ဆိုင်သော စာရင်းဇယားများ ကောက်ယူပြုစုထိန်းသိမ်းထားရှိခြင်း၊

(ဎ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး ဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ခေါ်ယူ မေးမြန်း နိုင်ခြင်းနှင့် လိုအပ်သည့်အကူအညီများပေးခြင်း၊

(ဏ) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(တ) ဒေသဆိုင်ရာဝန်ထမ်းရေးရာကိစ္စများကို ဥပဒေဘောင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) တရားစီရင်ရေး အဖွဲ့များ လုံလောက်စွာ ဖွဲ့စည်းနိုင်ရေး အတွက် ကူညီဆောင်ရွက်ခြင်း၊

(ဒ) ဒေသအတွင်းရှိ အဖွဲ့အစည်းတရပ်ကိုဖြစ်စေ၊ လုပ်ငန်းတခုကို ဖြစ်စေ၊ စစ်ဆေးရန်လိုအပ်လျှင် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့အား စစ်ဆေးစေရေးနှင့်စစ်ဆေး တွေ့ရှိချက်ကို တင်ပြစေခြင်း၊

(ဓ) မြို့နယ်ပြည်သူ့ကောင်စီများမှ တင်ပြလာသည့် ကိစ္စရပ်များ၊ ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်း ပေးခြင်း၊ ဖြေရှင်း၍မရသော ကိစ္စများ၊ ပြဿနာများနှင့် အခက်အခဲများကို နိုင်ငံတော် ကောင်စီသို့ တင်ပြခြင်း၊

(န) မြို့နယ်ပြည်သူ့ ကောင်စီများ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ပတ်သက်၍ အယူခံလွှာများ၊ ပြင်ဆင်မှု လျှောက်ထားချက်များ အပေါ် ဆုံးဖြတ်ချက်များ၊ အမိန့်များချမှတ်ခြင်း၊

(ပ) ဒေသဆိုင်ရာ အရေးကြီးသည့် ကိစ္စရပ်များနှင့် ပြည်သူ့ အကျိုးပြု အကြံပေးချက်များကို နိုင်ငံတော် ကောင်စီ သို့ တင်ပြခြင်း။

# အခန်း (၃)

## အစည်းအဝေးများ

၄၂။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် ၂ ကြိမ် မပျက်မကွက်ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့် တကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၈ လထက် မပိုစေရ။

၄၃။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စဆောင်ရွက်ခြင်းကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

## အခန်း (၄)

## သဘာပတိအဖွဲ့

၄၄။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ ပုံမှန်အစည်းအဝေး ကျင်းပသည့်အခါတိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ကို နည်းဥပဒေများနှင့်အညီပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၄၅။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့ဝင် တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့ သို့မဟုတ်လုပ်ငန်းစစ်ဆေးရေး အဖွဲ့ တရပ်ရပ်သို့ ရွေးချယ် တင်မြှောက်ခြင်း ခံရလျှင် သဘာပတိ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

၄၆။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသဘာပတိအဖွဲ့၏ သက်တမ်းသည် နောက်တကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးက သဘာပတိ အဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဖြစ်သည်။

၄၇။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အစီအစဉ်ရေးဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပြည်နယ်နှင့် တိုင်း ပြည်သူကောင်စီ အစည်းအဝေးများတွင် ဆောင်ရွက်ချက်များသည် အခြေခံ ဥပဒေနှင့်လည်းကောင်း၊ ဤဥပဒေ၊ နည်းဥပဒေများနှင့်လည်းကောင်း ကိုက်ညီခြင်း ရှိစေရန်ညှိနှိုင်း၍ ကြပ်မလမ်းညွှန်ခြင်း၊

(ဂ) ပြည်နယ်နှင့် တိုင်း ပြည်သူကောင်စီ အစည်းအဝေးများတွင် ဆုံးဖြတ်ဖြေရှင်းရန် ကိစ္စရပ်များ ပေါ်ပေါက်ပါက ညှိနှိုင်း ဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိ အဖွဲ့ဝင်များသည် ပြည်နယ်နှင့် တိုင်း ပြည်သူ ကောင်စီအစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

(င) အစည်းအဝေးခေါ်ယူကျင်းပပေးရန် ပြည်နယ်နှင့်တိုင်းပြည်သူ ကောင်စီဝင်အားလုံး၏ သုံးဆယ့်လေး ရာခိုင်နှုန်းက တောင်း ဆိုသော်လည်း အလုပ်အမှုဆောင်အဖွဲ့ကရက်ပေါင်းသုံးဆယ် အတွင်းခေါ်ယူကျင်းပပေးရန် ပျက်ကွက်ခဲ့လျှင် အမြန်ဆုံး အစည်းအဝေးခေါ်ယူ ကျင်းပပေးခြင်း၊

(စ) ပြည်နယ်နှင့်တိုင်း ပြည်သူကောင်စီအစည်းအဝေး ကျင်းပချိန် တွင် ပြည်သူ့ကောင်စီဝင် တဦးဦးအား ဖမ်းဆီးရန်လိုအပ်ပါ က ခိုင်လုံသောအထောက်အထားများ တင်ပြစေပြီး ညှိနှိုင်း ၍ အဆုံးအဖြတ်ပေးခြင်း။

၄၇။ သဘာပတိ အဖွဲ့ဝင်များသည် ပြည်နယ်နှင့် တိုင်း ပြည်သူကောင်စီ အစည်းအဝေး ကျင်းပသည့် နေ့များတွင် မိမိ၏အမည် အက္ခရာစဉ် အလိုက် အလှည့်ကျသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

၄၈။ အလှည့်ကျ သဘာပတိသည် ပြည်နယ်နှင့်တိုင်း ပြည်သူကောင်စီ အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

၅၀။ အလှည့်ကျ သဘာပတိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေ များဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

# အခန်း(၅)

## အလုပ်အမှုဆောင်အဖွဲ့

၅၁။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် ဆုံးဖြတ် ချမှတ်သည့်လုပ်ငန်း ကိစ္စအဝဝကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၅၂။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် တဦးသည် ဒေသဆိုင်ရာ အခြားအာဏာပိုင် အဖွဲ့အစည်းများနှင့် ရေးရာ ကော်မီတီများတွင် ပါဝင်ခွင့်မရှိစေရ။

၅၃။ ပုဒ်မ ၅၁ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူး တဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၅၄။ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသို့ အလှည့်ကျ သဘာပတိက ကြေညာရမည်။

၅၅။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့သည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ဖြစ်ကြသည်။

၅၆။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌသည် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်း၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

၅၇။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၅၈။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၅၉။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့၏ သက်တမ်းသည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီသက်တမ်း ကုန်ဆုံးသည့် အခါ အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၆၀။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ခံယူ၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီက ဆုံးဖြတ်သည့် လုပ်ငန်းများကို စုပေါင်းဦးဆောင်မှုစနစ်အရ အဖွဲ့အလိုက် လုပ်ဆောင်ခြင်း၊

(ခ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးကို သဘာပတိအဖွဲ့နှင့်ညှိနှိုင်း၍ ခေါ်ယူကျင်းပခြင်း၊

(ဂ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ညွှန်ကြားချက်များကိုထုတ်ပြန်ခြင်း၊အကောင်အထည် ဖော်ခြင်း၊

(ဃ) ဝန်ကြီးအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက လမ်းညွှန် ချမှတ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးအဖွဲ့နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ပြည်နယ်နှင့် တိုင်းအဆင့်ရှိဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ တာဝန်ယူ ကြီးကြပ် ကွပ်ကဲခြင်း၊ ညှိနှိုင်းပေးခြင်း၊ ဝန်ထမ်းရေးရာ ကိစ္စများကို ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေး တခုနှင့်တခု အကြား မိမိတို့၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာပြည်သူ့ကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန် အကြောင်းပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှ လည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေး တက်ရောက်ခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံး အစည်းအဝေးတွင်အတည်ပြုချက်ရယူခြင်း။

၆၁။ (က) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စုပေါင်းဦးဆောင်မှု မူအရ တာဝန်ယူရမည်။ သို့ရာတွင် လုပ်ငန်းတာဝန်များကို ချမှတ်ထားသောလမ်းညွှန်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့၏ကိုယ်စား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယင်းတို့၏ လုပ်ငန်းကျွမ်းကျင်မှုကို အခြေပြု၍ အောက်ပါကဏ္ဍတရပ်ရပ်တွင် လိုအပ်သလို တာဝန်ခွဲဝေ ပေးအပ်နိုင်သည်—

(၁) စီးပွားရေး၊

(၂) လူမှုရေး၊

(၃) စီမံခန့်ခွဲရေးနှင့် လုံခြုံရေး၊

(ခ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိအားတာဝန်ခွဲဝေပေးသည့်ကဏ္ဍနှင့်ပတ်သက်ပြီး အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင် တင်ပြ၍ သဘောတူညီချက်ယူခြင်း၊ ဆောင်ရွက်ပြီးသည့်လုပ်ငန်းများ တင်ပြ အတည်ပြုချက် ရယူခြင်းတို့ကို သတ်မှတ်သည့် အတိုင်း ဆောင်ရွက်ရမည်၊

(ဂ) အလုပ်အမှုဆောင် အဖွဲ့ဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေပေးအပ်ထားသော်လည်း အလုပ်အမှုဆောင် အဖွဲ့သည် အလုပ် အမှုဆောင် အဖွဲ့ဝင် အသီးသီး၏ တာဝန်များကို ပြောင်းလဲသတ်မှတ်နိုင်သည်။

၆၂။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

# အခန်း (၆)

## တရားသူကြီးအဖွဲ့

၆၃။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်နိုင်ရန် တရားသူကြီးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၆၄။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် ပါဝင်ခွင့်မရှိစေရ။ သို့ရာတွင် ရေးရာကော်မီတီများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရှိသည်။

၆၅။ ပုဒ်မ ၆၃ အရ ရွေးချယ်တင်မြှောက်ခြင်း ခံရသော တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့အထဲမှဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၆၆။ ရွေးချယ် တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏အမည်ကို ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ အလှည့်ကျ သဘာပတိက ကြေညာရမည်။

၆၇။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၆၈။ ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့၏ သက်တမ်းသည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ၏ သက်တမ်း ကုန်ဆုံးသည့်အခါ တရားသူကြီးအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၆၉။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ လုပ်ငန်း တာဝန်များ၊ လုပ်ပိုင်ခွင့်များ ရပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများသည် ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်။

# အခန်း(၇)

## လုပ်ငန်းစစ်ဆေးရေးအဖွဲ့

၇၀။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြားအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းများသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိသည်မရှိသည်ကို စစ်ဆေးနိုင်ရန် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၇၁။ ပြည်နယ်နှင့်တိုင်း လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် ရေးရာကော်မီတီများတွင် ပါဝင်ခွင့် မရှိစေရ။

၇၂။ ပုဒ်မ ၇၀ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၇၃။ ရွေးချယ် တင်မြှောက်ခြင်းခံရသော လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၏ အမည်ကို ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ အလျှဉ်းကျ သဘာပတိက ကြေညာရမည်။

၇၄။ ပြည်နယ်နှင့်တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၇၅။ ပြည်နယ် နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းသည် ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်နယ်နှင့် တိုင်းလုပ်ငန်းစစ်ဆေးရေး အဖွဲ့သည် ပြည်သူ့ကောင်စီ သက်တမ်းကုန်ဆုံးသည့် အခါ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၇၆။ ပြည်နယ်နှင့် တိုင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများသည် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်။

# အခန်း(၈)

## ရေးရာကော်မီတီများ

၇၇။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီတွင် လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ လိုအပ်သည့် အကြံဉာဏ်များကို ရေးရာအလိုက် တင်ပြနိုင်ရန် ရေးရာကော်မီတီများကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီ ဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၇၈။ ပြည်သူ့ကောင်စီဝင်တဦးသည် ရေးရာကော်မီတီ ၂ ခုထက်ပို၍ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

၇၉။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ ရေးရာကော်မီတီများကို တာဝန်ယူဦးဆောင်ရန် အတွင်းရေးမှူးတဦးစီကို နည်းဥပဒေများနှင့်အညီ ရေးရာကော်မီတီအလိုက် ရေးရာကော်မီတီဝင်များသည် မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၈၀။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ ရေးရာကော်မီတီများသည်ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။ ပြည်သူ့ကောင်စီအစည်းအဝေးကျင်းပသည့်ကာလမဟုတ်လျှင် အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ခံရမည်။

၈၁။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီရေးရာကော်မီတီများ၏ သက်တမ်းသည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၈၂။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီရေးရာကော်မီတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီမှ လမ်းညွှန်နိုင်ရန်နှင့် လိုအပ်သော ဆုံးဖြတ်ချက်များ၊ညွှန်ကြားချက်များ၊ အမိန့်များထုတ်ပြန်နိုင်ရန် ရေးရာအလိုက် အကြံဉာဏ်များပေးခြင်း၊

(ခ) ရေးရာအလိုက် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ရရှိသောအကြံဉာဏ်များ၊ တင်ပြချက်များ၊ အဆိုပြုချက် များကို စိစစ်သုံးသပ်၍ အလုပ်အမှုဆောင် အဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသို့တင်ပြခြင်း၊

(ဂ) ရေးရာအလိုက် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်များကို ဒေသရှိ ပြည်သူများနှင့် ဝန်ထမ်းအဖွဲ့ အစည်းများက လိုက်နာကျင့်သုံး အကောင်အထည်ဖော်ခြင်း ရှိ မရှိကိုလေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် တင်ပြခြင်း၊

(ဃ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက ချမှတ်ထားသော စီမံကိန်းများ၊ လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို ဒေသရှိ ပြည်သူများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက အကောင်အထည် ဖော်ရာတွင် တွေ့ရှိရသောအခက်အခဲများ၊ ပြဿနာများကို ဆွေးနွေးလေ့လာ၍ ယင်းအခက်အခဲများ၊ ပြဿနာများအား ကျော်လွှန်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့တင်ပြခြင်း၊

(င) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ မည်သို့ဆောင်ရွက်သင့်သည်ကို ရေးရာအလိုက် ဆွေးနွေးလေ့လာ၍ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီသို့တင်ပြခြင်း၊

(စ) အလုပ် အမှုဆောင်အဖွဲ့နှင့်ထိတွေ့ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အထောက်အကူပြုခြင်း၊

(ဆ) ဒေသရှိ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရေးရာအလိုက် ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီအား လိုအပ်သလို အထောက်အကူပြုခြင်း၊

(ဇ) ရေးရာအလိုက် ဒေသအတွင်းရှိရုံးများ၊ လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများ စသည်တို့ကို အလုပ်အမှုဆောင်အဖွဲ့၏ခွင့်ပြုချက်အရ သွားရောက် လေ့လာခြင်း၊ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေး မေးမြန်းခြင်း၊ ထိုသို့ဆွေးနွေးလေ့လာ၍ ရရှိသည့် သုံးသပ်စိစစ်ချက်များကို ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသို့ အစီရင်ခံခြင်း၊

(ဈ) ရေးရာအလိုက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေး၌ တင်ပြခွင့်ရှိခြင်း။

၇၃။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ရေးရာ ကော်မီတီအလိုက်လုပ်ငန်းတာဝန်များ၊ အစည်းအဝေး ကျင်းပခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

# အပိုင်း ၃

## မြို့နယ်ပြည်သူ့ကောင်စီများ

### အခန်း(၁)

### ဖွဲ့စည်းပုံ

၇၄။ မြို့နယ် ပြည်သူ့ကောင်စီတရပ်ကို ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့် ကောင်စီဝင် ဦးရေဖြင့် ဖွဲ့စည်းရမည်။

၇၅။ မြို့နယ် ပြည်သူ့ကောင်စီတွင် အောက်ပါအဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့၊

(ဃ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

(င) ရေးရာကော်မီတီများ။

# အခန်း(၂)

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇၆။ မြို့နယ်အတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် အညီ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီများမှတဆင့် ချမှတ်ပေးသော စီးပွားရေး ဆိုင်ရာမူဝါဒများ၊လမ်းညွှန်ချက်များ၊ စီမံကိန်းများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများသို့ ထပ်ဆင့် လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းဘောင်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများမှ တင်ပြသော စီမံကိန်း များကို အခြေခံ၍ မြို့နယ်စီးပွားရေး စီမံကိန်းများ ရေးဆွဲ တင်ပြခြင်း၊

(ဂ) အတည်ပြု ပြဋ္ဌာန်းပြီးသည့် မြို့နယ်စီးပွားရေး စီမံကိန်းများကို ပြည်သူပိုင်၊ သမဝါယမပိုင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ညှိနှိုင်း၍ ကြီးကြပ် အကောင် အထည်ဖော်ခြင်း၊

(ဃ) ရ သုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများမှ တင်ပြသော ရ သုံးခန့်မှန်းခြေ ငွေစာရင်းများကို စိစစ်စုစည်းလျက် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများနှင့် လိုအပ်သည့် ညှိနှိုင်းမှုများပြုလုပ်၍ မြို့နယ် ရ သုံးခန့်မှန်းခြေ ငွေစာရင်းများ ရေးဆွဲတင်ပြခြင်း၊

(င) အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ သတ်မှတ်ထားသည့် အခွန်အကောက် အမျိုးအစား၊ အခွန်အကောက်နှုန်းထားများနှင့်စပ်လျဉ်း၍ ပြုပြင် ပြောင်းလဲသတ်မှတ်ရန်၊ အသစ်သတ်မှတ်ရန်၊ ပယ်ဖျက်ရန် ကိစ္စများကို စိစစ်အကြံပေးတင်ပြခြင်း၊

(စ) မြို့နယ် စီးပွားရေးစီမံကိန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင်များနှင့် ပေါင်းစပ် ညှိနှိုင်းပေးရေး၊ လမ်းညွှန်ရေး၊ လုပ်ငန်းများထပ်ဆင့်ခွဲဝေပေးရေးနှင့် လိုအပ်သည့်အကူအညီပေးခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက မိမိတို့မြို့နယ်တွင် သမဝါယမကဏ္ဍ အကောင်အထည် ဖော်ရန်သင့်လျော်သည်ဟု တင်ပြသည့်စီးပွားရေးလုပ်ငန်းများကိုစိစစ်ညှိနှိုင်းပြီး မြို့နယ်စီးပွားရေးစီမံကိန်းတွင် ထည့်သွင်းရေးနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ သဘောတူညီချက်အရ လုပ်ငန်းများ၊ စီမံကိန်းများကို အကောင်အထည်ဖော်စေခြင်း၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက မိမိတို့ မြို့နယ်တွင် ပြည်သူပိုင်ကဏ္ဍ၌ အကောင်အထည် ဖော်ရန် သင့်လျော်သည်ဟု တင်ပြသည့် စီးပွားရေး လုပ်ငန်းများကို စိစစ်ညှိနှိုင်းပြီး အကြံပြုတင်ပြခြင်း၊

(ဈ) မြို့နယ် ပြည်သူ့ကောင်စီများက တိုက်ရိုက် အကောင်အထည် ဖော် စီမံခန့်ခွဲရန် သင့်လျော်သည်ဟုဆုံးဖြတ်သည့် စီးပွားရေး လုပ်ငန်းများကို မြို့နယ်၏စီးပွားရေးစီမံကိန်းတွင် ထည့်သွင်း ရေးနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ သဘောတူညီချက်အရ လုပ်ငန်းများ၊စီမံကိန်းများကိုကြီးကြပ် အကောင်အထည်ဖော်ခြင်း၊

(ည) ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးအဖွဲ့ က အခါအားလျော်စွာခွဲဝေအပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင် ခွင့်များကို ကြီးကြပ်ကွပ်ကဲ၍ အကောင်အထည်ဖော်ခြင်း၊

(ဋ) စက်မှုလက်မှု၊ လယ်ယာကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ မွေးမြူရေး၊ ကုန်စည်ဝယ်ယူဖြန့်ဖြူးရေးစသည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သမဝါယမ အဖွဲ့အစည်းများ၏ စီမံကိန်းများ ကို မိမိတို့မြို့နယ်အတွင်းအကောင်အထည်ဖော်စေရန်လမ်းညွှန် ပေးခြင်း၊

(ဌ) နိုင်ငံတော်၏မြေယာမူဝါဒနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲရေး၊ စီမံကိန်းသီးနှံများ စိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းများ ဖော် ထုတ်ရေး၊ စားကျက်မြေများ သတ်မှတ်ထိန်းသိမ်း စောင့် ရှောက်ရေးစသည့် လုပ်ငန်းများဆောင်ရွက်ရေးနှင့် ကြီးကြပ် ညှိနှိုင်းခြင်း၊

(ဍ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းအရ ထွက်ကုန်များကို ဗဟို အာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီတို့၏ သတ်မှတ် ညွှန်ကြားချက်များနှင့် အညီ သက်ဆိုင်ရာများသို့ မှန်ကန်စွာနှင့် အချိန်မီ ရောင်းချစေရန် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများအား ညှိနှိုင်း လမ်းညွှန်ခြင်း၊

(စ) စားသုံးသူများ လိုအပ်သည့် ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို ကြီးကြပ်လမ်းညွှန်ခြင်း။

(ဆ) သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်စီမံ ဆောင်ရွက်ရေး၊ကြီးကြပ်ရေးနှင့် အကူအညီပေးခြင်း၊

(ဇ) ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ စီးပွားရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ လုပ်သားပြည်သူများ နိုးကြားတက်ကြွစွာ ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများနှင့် နီးကပ်စွာ ထိတွေ့ ဦးဆောင်မှု ပေးခြင်း၊ နှိုးဆော်စည်းရုံးခြင်း၊

(ဈ) လူဦးရေစာရင်း၊ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ကျွဲနွားစာရင်း၊ စက်ယန္တရားစာရင်း၊ အဆောက်အဦများ စာရင်း၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ကိန်းဂဏန်းများ၊ ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းများ စသည်တို့ကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်၍ စုစည်းပြုစုထိန်းသိမ်းထားရှိရေးနှင့် ယင်းစာရင်းများကို ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီများသို့ လိုအပ်သည့်အခါ ပေးပို့ခြင်း။

၈၇။ မြို့နယ်အတွင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လူမှုရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍မြို့နယ်ပြည်သူ့ ကောင်စီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ များမှတဆင့် ချမှတ် ပေးသော လူမှုရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီများသို့ထပ်ဆင့်လမ်းညွှန်ခြင်း၊

( ခ ) မူလတန်းကျောင်းများနှင့် ပညာရေးဗဟုသုတဖွံ့ဖြိုးရေးစသည့် လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

( ဂ ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့်အခြား ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ရေးနှင့်ကြီးကြပ်ညှိနှိုင်းခြင်း၊

( ဃ ) ကူးစက်တတ်သော ရောဂါဘေးများနှင့် ရာသီအလိုက် ဖြစ်ပေါ်တတ်သော ရောဂါဘေးများမှ ကြိုတင်ကာကွယ်ရေးအတွက် စည်းရုံးခြင်းနှင့်တားဆီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) သက်ကြီးရွယ်အိုများ၊ လေလွင့်လူငယ်များ၊ ခိုကိုးရာမဲ့ အမျိုးသမီးများ ထိန်းသိမ်း စောင့်ရှောက်ရန်ဂေဟာများ ဖွင့်လှစ်ထားရှိရေး၊ ဒုစရိုက်လုပ်ငန်းများ ပပျောက်စေရန် ကာကွယ်ရေးနှင့် နှိမ်နင်းရေး စသည့်လူမှုဝန်ထမ်း လုပ်ငန်းများကို လမ်းညွှန်မှု များနှင့် အညီ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

( စ ) ဒေသအတွင်းရှိ လုပ်သားပြည်သူများ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် လုပ်သားပြည်သူ များက လည်း တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊

( ဆ ) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ပေးခြင်း၊

( ဇ ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း၊

( ဈ ) ရှေးဟောင်း အဆောက်အဦနှင့် ရှေးဟောင်း ပစ္စည်းများ ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ည ) လေဘေး၊ ရေဘေး၊ မီးဘေးစသည့် သဘာဝဘေးအန္တရာယ်

များကို ကာကွယ်ရေးနှင့် တားဆီးရေးအတွက်စည်းရုံးဆောင်ရွက်ရေးနှင့် ယင်းအန္တရာယ်များ ပေါ်ပေါက်ပါက ကယ်ဆယ်ရေး လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း။

၈၈။ မြို့နယ်အတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲရေးနှင့်လုံခြုံရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မြို့နယ်ပြည်သူ့ကောင်စီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်——

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီက ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီများမှတဆင့် ချမှတ်ပေးသော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ နှင့် အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများသို့ ထပ်ဆင့် လမ်းညွှန်ခြင်း၊

(ခ) ဒေသဆိုင်ရာ လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးတို့ကို တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့စစ် အဖွဲ့အစည်းများနှင့် ပတ်သက်၍ မူဝါဒညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့် အဖွဲ့အစည်းများ၊ အဖျက်လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်ရေး အတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ဒုစရိုက် လုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးရေး၊ နှိမ်နင်းရေးနှင့် လျော့နည်းကျဆင်းရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) ပြည်သူပိုင်ပစ္စည်းများ၊ သမဝါယမပိုင် ပစ္စည်းများနှင့် အများပိုင်ပစ္စည်းများကို ကာကွယ် စောင့်ရှောက်ရေး အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံခြားသားများ သွားလာလှုပ်ရှားမှုနှင့် နိုင်ငံခြားသား မှတ်ပုံတင်ရေးနှင့် မှတ်ပုံတင်အသစ် လဲလှယ်မှုလုပ်ငန်းများကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော် နယ်နိမိတ်ကျောက်တိုင်များ၊ နယ်ခြားအထိမ်းအမှတ်များနှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမှ အစီရင်ခံစာရလျှင် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ ချက်ချင်း ဆက်လက် အစီရင် ခံစေခြင်း၊

(ဈ) ကျေးရွာများ၊ ကျေးရွာအုပ်စုများ၊ရပ်ကွက်များ၊ မြို့နယ်များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်းများနှင့်ပတ်သက်၍ စိစစ် အကြံပေးတင်ပြခြင်း၊

(ည) ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ မြို့ပြစည်ပင်သာယာရေး၊ နေရာချထားရေးလုပ်ငန်းများကို မိမိတို့ ဆန္ဒအလျောက် ဥပဒေဘောင်အတွင်း စီမံခန့်ခွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဋ) ကျေးရွာနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲရေးနှင့် ယင်းစီမံကိန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) မြို့နယ်အတွင်းရှိ မြို့နှင့် ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်ရေး၊ လူများ နေထိုင်ရေး၊ အပန်းဖြေရေးစသည့် ဒေသများ သတ်မှတ်ရေး ကိစ္စများနှင့် ယင်းဒေသ များတွင် အဆောက်အဦများ ဆောက်လုပ်ရေးကိစ္စများကို ဥပဒေဘောင်အတွင်း သတ်မှတ်ခွင့်ပြုခြင်း၊

(ဍ) အခွန်အကောက်များ၊ အခကြေးငွေများ၊ ချေးငွေများ ကောက်ခံရေးဆိုင်ရာ လုပ်ငန်းများကို ကူညီဆောင်ရွက်ခြင်း၊

(ဎ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးကဏ္ဍများနှင့် သက်ဆိုင်သော စာရင်းဇယားများ ကောက်ယူပြုစု ထိန်းသိမ်းထားရှိခြင်း၊

(ဏ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများမှတာဝန်ရှိသူများအား ခေါ်ယူမေးမြန်းခြင်းနှင့် လိုအပ်သည့် အကူအညီများပေးခြင်း၊

(တ) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ထ) ဒေသဆိုင်ရာ ဝန်ထမ်းရေးရာ ကိစ္စများကို ဥပဒေဘောင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဒ) တရားစီရင်ရေးအဖွဲ့များ လုံလောက်စွာ ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

(ဓ) ဒေသအတွင်းရှိ အဖွဲ့အစည်းတရပ်ကိုဖြစ်စေ၊ လုပ်ငန်းတခုကိုဖြစ်စေ စစ်ဆေးရန်လိုအပ်လျှင် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အား စစ်ဆေးစေရေးနှင့် စစ်ဆေးတွေ့ရှိချက်ကို တင်ပြစေခြင်း၊

(န) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများမှ တင်ပြလာသည့် ကိစ္စရပ်များ၊ ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ ဖြေရှင်း၍ မရသော ကိစ္စများ၊ ပြဿနာများနှင့် အခက်အခဲများကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(ပ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ပတ်သက်၍ အယူခံလွှာများ၊ ပြင်ဆင်မှု လျှောက်ထားချက်များ အပေါ် ဆုံးဖြတ်ချက်များ၊အမိန့်များ ချမှတ်ခြင်း၊

(ဖ) ဒေသဆိုင်ရာအရေးကြီးသည့် ကိစ္စရပ်များနှင့် ပြည်သူ့အကျိုးပြု အကြံပေးချက်များကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း။

# အခန်း (၃)

## အစည်းအဝေးများ

၇၉။ မြို့နယ် ပြည်သူ့ကောင်စီ၏ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် ၄ ကြိမ် မပျက်မကွက် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့် တကြိမ် အကြား အရှည်ကြာဆုံးကာလသည် ၄ လထက်မပိုစေရ။

၈၀။ မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာ ကိစ္စဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ် ပြဋ္ဌာန်းရမည်။

## အခန်း (၄)

## သဘာပတိအဖွဲ့

၉၁။ မြို့နယ် ပြည်သူ့ကောင်စီ၏ ပုံမှန် အစည်းအဝေး ကျင်းပသည့်အခါ တိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ကို နည်းဥပဒေ များနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၉၂။ မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိ အဖွဲ့ဝင်တဦးသည် အလုပ်အမှု ဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့ သို့မဟုတ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ တရပ်ရပ်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရလျှင် သဘာပတိအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

၉၃။ မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ သက်တမ်းသည် နောက် တကြိမ် ကျင်းပသည့် ပုံမှန်အစည်းအဝေးက သဘာပတိ အဖွဲ့အသစ်ကိုရွေး ချယ်တင်မြှောက် ပြီးသည့်အထိဖြစ်သည်။

၉၄။ မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ မှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အစီအစဉ် ရေးဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့နယ် ပြည်သူ့ကောင်စီအစည်းအဝေးများတွင် ပြုလုပ်ဆောင်ရွက်ချက်များသည် အခြေခံဥပဒေနှင့် လည်းကောင်း၊ ဤဥပဒေ၊နည်းဥပဒေများနှင့် လည်းကောင်း ကိုက်ညီခြင်းရှိစေရန် ညှိနှိုင်း၍ ကြပ်မလမ်းညွှန်ခြင်း၊

(ဂ) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆုံးဖြတ်ဖြေရှင်းရန်ကိစ္စများ ပေါ်ပေါက်ပါက ညှိနှိုင်း ဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိ အဖွဲ့ဝင်များသည်မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

(င) အစည်းအဝေး ခေါ်ယူ ကျင်းပပေးရန် မြို့နယ် ပြည်သူ့ကောင်စီဝင် အားလုံး၏ သုံးဆယ့်လေး ရာခိုင်နှုန်းက တောင်းဆိုသော်လည်း အလုပ်အမှုဆောင်အဖွဲ့က ရက်ပေါင်းသုံးဆယ် အတွင်းခေါ်ယူကျင်းပပေးရန် ပျက်ကွက်ခဲ့လျှင် အမြန်ဆုံး အစည်းအဝေးခေါ်ယူ ကျင်းပပေးခြင်း၊

(စ) မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပချိန်တွင် ပြည်သူ့ကောင်စီဝင် တဦးဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားများ တင်ပြစေပြီး ညှိနှိုင်း၍ အဆုံးအဖြတ်ပေးခြင်း။

၉၅။ သဘာပတိ အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပသည့်နေ့များတွင် မိမိ၏ အမည်အက္ခရာ စဉ်အလိုက်အလှည့်ကျ သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ရမည်။

၉၆။ အလှည့်ကျ သဘာပတိသည် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

၉၇။ အလှည့်ကျ သဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုနည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

# အခန်း (၅)

## အလုပ်အမှုဆောင်အဖွဲ့

၉၈။ မြို့နယ် ပြည်သူ့ကောင်စီက ဆုံးဖြတ်ချမှတ်သည့် လုပ်ငန်းကိစ္စအဝဝကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၉၉။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် တဦးသည်ဒေသဆိုင်ရာ အခြားအာဏာပိုင် အဖွဲ့အစည်းများနှင့် ရေးရာကော်မီတီများတွင် ပါဝင်ခွင့်မရှိစေရ။

၁၀၀။ ပုဒ်မ ၉၈ အရ ရွေးချယ် တင်မြှောက်ခြင်း ခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူး တဦးကို နည်းဥပဒေများနှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၀၁။ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို မြို့နယ် ပြည်သူ့ကောင်စီသို့ အလှည့်ကျ သဘာပတိက ကြေညာရမည်။

၁၀၂။ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့သည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ဖြစ်ကြသည်။

၁၀၃။ မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌသည် သက်ဆိုင်ရာ မြို့နယ်၏ ဥက္ကဋ္ဌ လည်း ဖြစ်သည်။

၁၀၄။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၁၀၅။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၀၆။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် မြို့နယ် ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီ သက်တမ်း ကုန်ဆုံးသည့်အခါ အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးစီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀၇။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကိုခံယူ၍ မြို့နယ်ပြည်သူ့ကောင်စီကဆုံးဖြတ်သည့် လုပ်ငန်းများကို စုပေါင်းဦးဆောင်မှုစနစ်အရ အဖွဲ့အလိုက် လုပ်ဆောင်ခြင်း၊

(ခ) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးကို သဘာပတိ အဖွဲ့နှင့်ညှိနှိုင်း၍ ခေါ်ယူကျင်းပခြင်း၊

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ညွှန်ကြားချက် များကို ထုတ်ပြန်ခြင်း အကောင်အထည်ဖော်ခြင်း၊

(ဃ) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီက လမ်းညွှန် ချမှတ်သည့် လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်းနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) မြို့နယ်အဆင့်ရှိ ဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း များကို လမ်းညွှန်ခြင်း၊ တာဝန်ယူ ကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းပေးခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးတခုနှင့် တခုအကြား မိမိတို့၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာပြည်သူ့ကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) မြို့နယ် ပြည်သူ့ကောင်စီဝင် တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန်အကြောင်း ပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှလည်းကောင်း၊ ပြည်သူ့ကောင်စီအစည်းအဝေး တက်ရောက်ခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ မြို့နယ် ပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးတွင် အတည်ပြုချက်ရယူခြင်း။

၁၀၈။ (က) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ဆိုရှယ်လစ်ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ စုပေါင်းဦးဆောင်မှုမူအရ တာဝန်ယူရမည်။ သို့ရာတွင် လုပ်ငန်းတာဝန်များကို ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် အညီ အလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စား ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အလုပ်အမှုဆောင် အဖွဲ့ဝင်များအား ယင်းတို့၏ လုပ်ငန်း ကျွမ်းကျင်မှုကို အခြေပြု၍အောက်ပါ ကဏ္ဍတရပ်ရပ်တွင် လိုအပ်သလိုတာဝန်ခွဲဝေ ပေးအပ် နိုင်သည်—

(၁) စီးပွားရေး၊

(၂) လူမှုရေး၊

(၃) စီမံခန့်ခွဲရေးနှင့် လုံခြုံရေး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မိမိအား တာဝန်ခွဲဝေပေးသည့် ကဏ္ဍနှင့်ပတ်သက်ပြီး အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင် တင်ပြ၍ သဘောတူညီချက်ယူခြင်း၊ လုပ်ဆောင်ပြီးသည်များအား တင်ပြအတည်ပြုချက် ရယူခြင်းတို့ကို သတ်မှတ်သည့် အတိုင်း ဆောင်ရွက်ရမည်၊

(ဂ) အလုပ် အမှုဆောင် အဖွဲ့ဝင်များအား ကဏ္ဍအလိုက်တာဝန်ခွဲဝေ ပေးအပ်ထားသော်လည်း အလုပ်အမှုဆောင် အဖွဲ့သည် အလုပ်အမှုဆောင် အဖွဲ့ဝင် အသီးသီး၏တာဝန်များကိုပြောင်းလဲ သတ်မှတ်နိုင်သည်။

၁၀၉။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

# အခန်း (၆)

## တရားသူကြီးအဖွဲ့

၁၁၀။ မြို့နယ်ပြည်သူ့ကောင်စီတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်နိုင်ရန် တရားသူကြီးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၁၁။ မြို့နယ် တရားသူကြီး အဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေး အဖွဲ့များတွင် ပါဝင်ခွင့်မရှိစေရ။ သို့ရာတွင် ရေးရာကော်မီတီများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရှိသည်။

၁၁၂။ ပုဒ်မ ၁၁၀ အရ ရွေးချယ် တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၁၃။ ရွေးချယ်တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏အမည်ကို မြို့နယ်ပြည်သူ့ကောင်စီသို့ အလှည့်ကျသဘာပတိက ကြေညာရမည်။

၁၁၄။ မြို့နယ်တရားသူကြီးအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၁၅။ မြို့နယ်တရားသူကြီးအဖွဲ့၏ သက်တမ်းသည်မြို့နယ် ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။ မြို့နယ်တရားသူကြီးအဖွဲ့သည် မြို့နယ်ပြည်သူ့ ကောင်စီ၏ သက်တမ်းကုန်ဆုံးသည့်အခါ တရားသူကြီးအဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁၆။ မြို့နယ်တရားသူကြီးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ရပိုင် ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများသည် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

# အခန်း (၇)

## လုပ်ငန်းစစ်ဆေးရေးအဖွဲ့

၁၁၇။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြားအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းများသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိသည် မရှိသည်ကို စစ်ဆေးနိုင်ရန် မြို့နယ်ပြည်သူ့ကောင်စီများတွင် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့်ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၁၈။ မြို့နယ် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် ရေးရာကော်မီတီများတွင် ပါဝင်ခွင့်မရှိစေရ။

၁၁၉။ ပုဒ်မ ၁၁၇ အရ ရွေးချယ်တင်မြှောက်ခြင်း ခံရသော မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၂၀။ ရွေးချယ်တင်မြှောက်ခြင်း ခံရသော လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌ၏ အမည်ကို မြို့နယ်ပြည်သူ့ကောင်စီသို့အလှည့်ကျသဘာပတိက ကြေညာရမည်။

၁၂၁။ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီကိုတာဝန်ခံရမည်။

၁၂၂။ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းသည် မြို့နယ်ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီ သက်တမ်းကုန်ဆုံးသည့်အခါ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည် အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂၃။ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ကျင့်ဝတ်နှင့်စည်းကမ်းများသည် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

# အခန်း (၈)

## ရေးရာကော်မီတီများ

၁၂၄။ မြို့နယ်ပြည်သူ့ကောင်စီတွင်လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌လိုအပ်သည့်အကြံဉာဏ်များကို ရေးရာအလိုက် တင်ပြနိုင်ရန် ရေးရာကော်မီတီများကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၂၅။ ပြည်သူ့ ကောင်စီဝင်တဦးသည် ရေးရာကော်မီတီ ခုထက်ပို၍ ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

၁၂၆။ မြို့နယ် ပြည်သူ့ကောင်စီ ရေးရာကော်မီတီများကို တာဝန်ယူဦးဆောင်ရန် အတွင်းရေးမှူးတဦးစီကို နည်းဥပဒေများနှင့်အညီ ရေးရာကော်မီတီအလိုက် ရေးရာကော်မီတီဝင်များသည် မိမိတို့အထဲမှ ရွေးချယ် တင်မြှောက်ရမည်။

၁၂၇။ မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများသည် မြို့နယ်ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။ ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပသည့်ကာလမဟုတ်လျှင် အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ခံရမည်။

၁၂၈။ မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများ၏ သက်တမ်းသည်မြို့နယ်ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။

၁၂၉။ မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ်ပြည်သူ့ကောင်စီက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ် ပြည်သူ့ကောင်စီမှ လမ်းညွှန်နိုင်ရန်နှင့် လိုအပ်သော ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်များ ထုတ်ပြန်နိုင်ရန်ရေးရာအလိုက်အကြံဉာဏ်များပေးခြင်း၊

(ခ) ရေးရာအလိုက် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၊ လူထုလူတန်းစား အဖွဲ့အစည်းများ၊ ဝန်ထမ်း အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ရရှိသော အကြံဉာဏ်များ၊ တင်ပြချက်များ၊ အဆိုပြုချက်များကို စိစစ်သုံးသပ်၍ အလုပ် အမှုဆောင်အဖွဲ့နှင့် မြို့နယ်ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(ဂ) ရေးရာအလိုက် မြို့နယ် ပြည်သူ့ကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ညွှန်ကြားချက်များ၊ အမိန့်များကို ဒေသရှိ ပြည်သူများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက လိုက်နာကျင့်သုံး အကောင်အထည်ဖော်ခြင်း ရှိ မရှိကို လေ့လာခြင်း၊ သုံးသပ်ခြင်းနှင့်တင်ပြခြင်း၊

(ဃ) မြို့နယ်ပြည်သူ့ကောင်စီက ချမှတ်ထားသော စီမံကိန်းများ၊ လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို ဒေသရှိပြည်သူများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက အကောင်အထည်ဖော်ရာတွင် တွေ့ရှိရသော အခက်အခဲများ၊ ပြဿနာများကို ဆွေးနွေးလေ့လာ၍ ယင်းအခက်အခဲများ၊ ပြဿနာများကို ကျော်လွှားဖြေရှင်းနိုင်မည့်နည်းလမ်းများကို မြို့နယ် ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(င) မြို့နယ်ပြည်သူ့ကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ မည်သို့ဆောင်ရွက်သင့်သည်ကို ရေးရာ

အလိုက် ဆွေးနွေးလေ့လာ၍ မြို့နယ် ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(စ) အလုပ်အမှုဆောင်အဖွဲ့နှင့် ထိတွေ့ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အထောက်အကူပြုခြင်း၊

(ဆ) ဒေသခံပြည်သူများ၏ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရာအလိုက် မြို့နယ်ပြည်သူ့ကောင်စီအား လိုအပ်သလို အထောက်အကူ ပြုခြင်း၊

(ဇ) ရေးရာအလိုက် ဒေသအတွင်းရှိရုံးများ၊ လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများ စသည်တို့ကို အလုပ်အမှုဆောင် အဖွဲ့၏ ခွင့်ပြုချက်အရသွားရောက်လေ့လာခြင်း၊သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေး မေးမြန်းခြင်း၊ ထိုသို့ဆွေးနွေး လေ့လာ၍ ရရှိသည့် သုံးသပ်စိစစ်ချက်များကို မြို့နယ် ပြည်သူ့ ကောင်စီသို့ အစီရင်ခံခြင်း၊

(ဈ) ရေးရာအလိုက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကိုမြို့နယ် ပြည်သူ့ကောင်စီအစည်းအဝေး၌ တင်ပြခွင့်ရှိခြင်း။

၁၃၀။ မြို့နယ်ပြည်သူ့ကောင်စီရေးရာကော်မီတီအလိုက် လုပ်ငန်းတာဝန်များ အစည်းအဝေးကျင်းပခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်

# အပိုင်း ၄

## ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ

### အခန်း (၁)

### ဖွဲ့စည်းပုံ

၁၁။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတရပ်ကို ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့်ကောင်စီဝင်ဦးရေဖြင့် ဖွဲ့စည်းရမည်။

၁၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် အောက်ပါအဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့။

# အခန်း (၂)

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃၃။ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုအတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် ---

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့မှတဆင့် ချမှတ်ပေးသောစီးပွားရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ စီမံကိန်းများနှင့် အညီ လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းဘောင်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီးပွားရေးစီမံကိန်းများ ရေးဆွဲတင်ပြခြင်း၊

(ဂ) အတည်ပြု ပြဋ္ဌာန်းပြီးသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီးပွားရေးစီမံကိန်းများကို ပြည်သူပိုင်၊ သမဝါယမပိုင်အဖွဲ့

အစည်းများ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ညှိနှိုင်း၍ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊

(ဃ) ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရသုံး ခန့်မှန်းခြေငွေစာရင်း များ ရေးဆွဲတင်ပြခြင်း၊

(င) အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ သတ်မှတ်ထားသည့် အခွန်အကောက်အမျိုးအစား၊ အခွန်အကောက် နှုန်းထား များနှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲ သတ်မှတ်ရန်၊ အသစ် သတ်မှတ်ရန်၊ ပယ်ဖျက်ရန် ကိစ္စရပ်များကို စိစစ်အကြံပေး တင်ပြခြင်း၊

(စ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီများက မိမိတို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတွင် သမဝါယမ ကဏ္ဍ၌အကောင် အထည်ဖော်ရန် သင့်လျော်သည်ဟု ယူဆသည့် စီးပွားရေး လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီ၏ သဘောတူညီချက်ရယူ၍ ယင်း လုပ်ငန်းများ၊ စီမံကိန်းများ ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက မိမိ တို့ရပ်ကွက်နှင့်ကျေးရွာအုပ်စုတွင် ပြည်သူပိုင်ကဏ္ဍ၌အကောင် အထည်ဖော်ရန် သင့်လျော်သည်ဟု ယူဆသည့်စီးပွားရေး လုပ်ငန်းများကို အကြံပြုတင်ပြခြင်း၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက တိုက် ရိုက် အကောင်အထည်ဖော် စီမံခန့်ခွဲရန် သင့်လျော်သည် ဟုဆုံးဖြတ်သည့် စီးပွားရေး လုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု၏ စီးပွားရေးစီမံကိန်းတွင် ထည့်သွင်းရေးနှင့် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၏ သဘောတူညီချက် အရ ယင်းလုပ်ငန်းများ၊ စီမံကိန်းများကို ကြီးကြပ် အကောင် အထည်ဖော်ခြင်း၊

(ဈ) ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ ခွဲဝေအပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကြီးကြပ်ကွပ်ကဲ၍ အကောင်အထည်ဖော်ခြင်း၊

(ည) စက်မှုလက်မှု၊ လယ်ယာကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ မွေးမြူရေး၊ ကုန်စည်ဝယ်ယူ ဖြန့်ဖြူးရေးစသည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် သမဝါယမ အဖွဲ့အစည်းများ၏ စီမံကိန်းများကို မိမိတို့ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဋ) နိုင်ငံတော်၏ မြေယာမူဝါဒနှင့် အညီ လယ်ယာမြေ စီမံခန့်ခွဲရေး၊ စီမံကိန်းသီးနှံများစိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရေး၊ စားကျက်မြေများ သတ်မှတ်ထိန်းသိမ်း စောင့်ရှောက်ရေးစသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်း အရ ထွက်ကုန်များကို သတ်မှတ် ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာများသို့ မှန်ကန်စွာနှင့် အချိန်မီ ရောင်းချစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ဍ) စားသုံးသူများလိုအပ်သည့် ကုန်ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးရောင်းချခြင်းကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဎ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဏ) ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ လုပ်သားပြည်သူများ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများနှင့် နီးကပ်စွာထိတွေ့ ဦးဆောင်မှုပေးခြင်း၊ နှိုးဆော်စည်းရုံးခြင်း၊

(တ) လူဦးရေ စာရင်း၊ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ စာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ကျွဲနွားစာရင်း၊ စက်ယန္တရား စာရင်း၊ အဆောက်အဦများစာရင်း စသည်တို့ကို စုစည်း ပြုစုထိန်းသိမ်းထားရှိခြင်းနှင့် ယင်းစာရင်းများကို မြို့နယ် ပြည်သူ့ကောင်စီများသို့ လိုအပ်သည့်အခါ ပေးပို့ခြင်း။

၁၃၄။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လူမှုရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီ တို့မှတဆင့် ချမှတ်ပေးသော လူမှုရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ လုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပညာရေးဗဟုသုတဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို လမ်းညွှန် မှုများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) အားကစားနှင့် ကာယပညာလုပ်ငန်းနှင့် အခြားကျန်းမာ ရေးဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင် ရွက်ခြင်း၊

(ဃ) ကူးစက်တတ်သော ရောဂါဘယများနှင့် ရာသီအလိုက် ဖြစ် ပေါ်တတ်သော ရောဂါဘယများမှ ကြိုတင်ကာကွယ်ရေး နှင့် တားဆီးရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(င) လူမှုဝန်ထမ်းဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်မှုများနှင့် အညီ ဆောင်ရွက်ခြင်း၊

(စ) ဒေသအတွင်းရှိ လုပ်သားပြည်သူများ၏ ရပိုင်ခွင့်များကို ကာကွယ် စောင့်ရှောက်ပေးရေးနှင့် လုပ်သားပြည်သူများ

ကလည်း တာဝန်ဝတ္တရားများကို ကျေပွန်စွာကမ်းဆောင်ကြစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊

(ဆ) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ပေးခြင်း၊

(ဇ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) ရှေးဟောင်း အဆောက်အဦနှင့် ရှေးဟောင်း ပစ္စည်းများ ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်ခြင်း၊

(ည) လေဘေး၊ ရေဘေး၊ မီးဘေးစသည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ရေးနှင့် တားဆီးရေးအတွက် စည်းရုံးဆောင်ရွက်ခြင်းနှင့် ယင်းအန္တရာယ်များ ပေါ်ပေါက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

၁၃၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် အညီ စီမံခန့်ခွဲရေးနှင့်လုံခြုံရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့မှတဆင့် ချမှတ်ပေးသော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဒေသဆိုင်ရာလုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ်ပိပြားငြိမ်ဝပ်ရေးတို့ကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့စစ်အဖွဲ့အစည်းများနှင့်ပတ်သက်၍ မူဝါဒနှင့်ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ခြင်း၊

(ဃ) လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့် အဖွဲ့အစည်းများ၊ အဖျက်လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) ပြစ်မှုဆိုင်ရာမှုခင်းများနှင့် ဒုစရိုက်လုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် လျှော့နည်း ကျဆင်းရေးဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ခြင်း၊

(စ) ပြည်သူပိုင်ပစ္စည်းများ၊ သမဝါယမပိုင် ပစ္စည်းများနှင့် အများပိုင် ပစ္စည်းများကို ကာကွယ် စောင့်ရှောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခိုသူများနှင့်ပတ်သက်၍ ဧည့်စာရင်း ထိန်းသိမ်းထားရှိခြင်း၊

(ဇ) နိုင်ငံခြားသားများ သွားလာ လှုပ်ရှားမှုနှင့် နိုင်ငံခြားသားမှတ်ပုံတင်ရေးနှင့် မှတ်ပုံတင်အသစ် လဲလှယ်မှု လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော် နယ်နိမိတ်ကျောက်တိုင်များ၊ နယ်ခြားအထိမ်းအမှတ်များရှိလျှင် ယင်းတို့နှင့်ပတ်သက်၍ ပျက်စီးယိုယွင်းပျောက်ပျက်မှု ရှိမရှိကို စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးရေးနှင့် ပျက်စီးယိုယွင်း ပျောက်ဆုံးမှုများ တွေ့ရှိပါက မြို့နယ် ပြည်သူ့ကောင်စီသို့ ချက်ချင်းအစီရင်ခံစေခြင်း၊

(ည) ကျေးရွာများ၊ ကျေးရွာအုပ်စုများ၊ ရပ်ကွက်များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်းများနှင့် ပတ်သက်၍ စီစစ်အကြံပေးတင်ပြခြင်း၊

(ဋ) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့ပြစည်ပင်သာယာရေး၊ နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) ကျေးရွာနှင့် မြို့ပြ စီမံကိန်းများနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) လူနေအိမ်နှင့် အခြားအဆောက်အဦများ ဆောက်လုပ်ခွင့် ပြုရန် တင်ပြချက်များနှင့် ပတ်သက်၍ ဥပဒေဘောင်အတွင်း ဆောင်ရွက်ခြင်း၊

(ဈ) ပြည်တွင်းအခွန်အကောက်များ၊ အခကြေးငွေများ၊ ချေးငွေ များကောက်ခံရေးဆိုင်ရာ လုပ်ငန်းများတို့ကူညီ ဆောင်ရွက် ခြင်း၊

(ဏ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးကိစ္စများနှင့် သက်ဆိုင်သော စာရင်းဇယားများ ကောက်ယူပြုစု ထိန်း သိမ်းထားရှိခြင်း၊

(တ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်ရှိဝန်ထမ်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ခေါ်ယူမေးမြန်းခြင်းနှင့် လိုအပ်သည့်အကူအညီများပေးခြင်း၊

(ထ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့ အစည်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်း စပ်ညှိနှိုင်းပေးခြင်း၊

(ဒ) ကျေးရွာနှင့် ရပ်ကွက်ဆိုင်ရာ ဝန်ထမ်းရေးရာကိစ္စများကို ဥပဒေဘောင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဓ) တရားစီရင်ရေးအဖွဲ့များ လုံလောက်စွာ ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

(န) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက ဖြေရှင်း ၍မရသောကိစ္စများ၊ ပြဿနာများနှင့် အခက်အခဲများကို မြို့နယ်ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(ပ) ဒေသဆိုင်ရာ အရေးကြီးသည့် ကိစ္စရပ်များနှင့် ပြည်သူ့ အကျိုးပြု အကြံပေးချက်များကို မြို့နယ်ပြည်သူ့ကောင်စီသို့ တင်ပြခြင်း။

# အခန်း (၃)

## အစည်းအဝေးများ

၁၃၆။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ၏ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် ၄ ကြိမ်မပျက်မကွက် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့်တကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၄ လ ထက်မပိုစေရ။

၁၃၇။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးများခေါ်ယူ ကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေ များဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

## အခန်း (၄)

## သဘာပတိအဖွဲ့

၁၃၈။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ ပုံမှန်အစည်းအဝေး ကျင်းပသည့်အခါတိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ ကိုနည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၁၃၉။ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီ သဘာပတိ အဖွဲ့ဝင်တဦး သည် အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် တရားသူကြီးအဖွဲ့တရပ်ရပ်သို့ ရွေးချယ် တင်မြှောက်ခြင်းခံရလျှင် သဘာပတိ အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ရမည်။

၁၄၀။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ သက်တမ်းသည် နောက်တကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးက သဘာပတိ အဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဖြစ်သည်။

၁၄၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး များတွင် အစီအစဉ်ရေးဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆောင်ရွက်ချက်များသည်အခြေခံဥပဒေနှင့် လည်းကောင်း၊ ဤဥပဒေ၊ နည်းဥပဒေများနှင့် လည်းကောင်း ကိုက်ညီခြင်းရှိစေရန်ညှိနှိုင်း၍ ကြပ်မလပ်းညွှန်ခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆုံးဖြတ်ဖြေရှင်းရန်ကိစ္စရပ်များ ပေါ်ပေါက်ပါက ညှိနှိုင်းဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိအဖွဲ့ဝင်များသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

(င) အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်အားလုံး၏ သုံးဆယ့်လေးရာခိုင်နှုန်းက တောင်းဆိုသော်လည်း အလုပ်အမှုဆောင်အဖွဲ့က ရက်ပေါင်း သုံးဆယ်အတွင်း ခေါ်ယူကျင်းပပေးရန် ပျက်ကွက်ခဲ့လျှင် အမြန်ဆုံး အစည်းအဝေးခေါ်ယူကျင်းပပေးခြင်း၊

(စ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးကျင်းပချိန်တွင် ပြည်သူ့ကောင်စီဝင် တဦးဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားများတင်ပြစေပြီး ညှိနှိုင်း၍ အဆုံးအဖြတ်ပေးခြင်း။

၁၄၂။ သဘာပတိအဖွဲ့ဝင်များသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးကျင်းပသည့်နေ့များတွင် မိမိ၏အမည်အက္ခရာစဉ်အလိုက် အလှည့်ကျသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

၁၄၃။ အလှည့်ကျ သဘာပတိသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

၁၄၄။ အလှည့်ကျသဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

# အခန်း (၅)

## အလုပ်အမှုဆောင်အဖွဲ့

၁၄၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီတွင် ဆုံးဖြတ်ချမှတ်သည့် လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၄၆။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်တဦးသည် တရားသူကြီးအဖွဲ့တွင် ပါဝင်ခွင့်မရှိစေရ။

၁၄၇။ ပုဒ်မ ၁၄၅ အရ ရွေးချယ်တင်မြှောက်ခြင်း ခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူးတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၄၈။ ရွေးချယ် တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကို ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူကောင်စီသို့ အလျှဉ်းသင့်သဘာပတိက ကြေညာရမည်။

၁၄၉။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ဖြစ်ကြသည်။

၁၅၀။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌသည်သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

၁၅၁။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၁၅၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၅၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏သက်တမ်းနှင့် အညီဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီသက်တမ်းကုန်ဆုံးသည့်အခါ အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၅၄။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကိုခံယူ၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီက ဆုံးဖြတ်သည့် လုပ်ငန်းများကို စုပေါင်း ဦးဆောင်မှုစနစ်အရ အဖွဲ့အလိုက် လုပ်ဆောင်ခြင်း၊

(ခ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ ခေါ်ယူကျင်းပခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊

(ဃ) မြို့နယ် ပြည်သူ့ကောင်စီနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီက လမ်းညွှန် ချမှတ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်း၊

(စ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်ရှိ ဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ တာဝန်ယူ ကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းပေးခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးတခုနှင့်တခုအကြား မိမိတို့၏ဆောင်ရွက်ချက်များကို ပြည်သူ့ကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန် အကြောင်းပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှလည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေး တက်ရောက်ခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးတွင် အတည်ပြုချက်ရယူခြင်း၊

(ဈ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများတွင် ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ကျင့်သုံးခြင်း။

၁၅၅။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့ဝင်များသည် ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စုပေါင်းဦးဆောင်မှု မူအရ တာဝန်ယူရမည်။ သို့ရာတွင် လုပ်ငန်းများကို ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားထိရောက်အောင်မြင်

စွာ ဆောင်ရွက်နိုင်စေရန်အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယင်းတို့၏လုပ်ငန်းကျွမ်းကျင်မှုကိုအခြေပြု၍ အောက်ပါကဏ္ဍ တရပ်ရပ်တွင်လိုအပ်သလို တာဝန်ခွဲဝေ ပေးအပ်နိုင်သည်—

(၁) စီးပွားရေး၊

(၂) လူမှုရေး၊

(၃) စီမံခန့်ခွဲရေးနှင့် လုံခြုံရေး၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိအားတာဝန်ခွဲဝေပေးသည့် ကဏ္ဍနှင့်ပတ်သက်ပြီး အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင် တင်ပြ၍ သဘောတူညီချက်ယူခြင်း၊ဆောင်ရွက်ပြီးသည့် လုပ်ငန်းများ တင်ပြ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေ ပေးအပ်ထားသော်လည်း အလုပ်အမှုဆောင်အဖွဲ့သည် အလုပ်အမှုဆောင် အဖွဲ့ဝင်အသီးသီး၏ တာဝန်များကို ပြောင်းလဲ သတ်မှတ်နိုင်သည်။

၁၅၆။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

## အခန်း (၆)

## တရားသူကြီးအဖွဲ့

၁၃၇။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်နိုင်ရန် တရားသူကြီးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၃၈။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ခွင့်မရှိစေရ။

၁၃၉။ ပုဒ်မ ၁၃၇ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၄၀။ ရွေးချယ် တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏ အမည်ကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီသို့ အလှည့်ကျသဘာပတိက ကြေညာရမည်။

၁၄၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၆၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီး အဖွဲ့၏ သက်တမ်းသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သက်တမ်းကုန်ဆုံးသည့်အခါ တရားသူကြီးအဖွဲ့ အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၆၃။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများသည် ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်သည်။